# News Letter ( July and August)2018

STI Myanmar Universityသည် ကျောင်းသားလူငယ်များ မိမိကိုယ့်ကိုယ့်ကြည်မှုရှိစေရန် ၊ အသိပညာဗဟုသုတများရစေရန်နှင့် စိတ်ဓါတ်ခွန်အားပြည့်ဝစေရန် ရည်ရွယ်၍ Public Seminar များ ၊ စာပေဟောပြောပွဲများနှင့် Education Forums များကို STI Myanmar University ရှိရာ ရန်ကုန်နှင့် မန္တလေးမြို့များတွင် အစဉ်တစိုက်ပြုလုပ်လျှက်ရှိပါသည်။ ၂၀၁၈ ခုနှစ် ဇူလိုင် ( ၈) ရက်နေ့ မနက် (၁၀ ) အထိ လှိုင်မြို့နယ် MICT park ရှိ STI Myanmar University တွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ “ စွန့်ဦးတီထွင်သူတစ်ယောက် ဖြစ်လာဖို့ အကြောင်း” ဟောပြောဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ ထိုဆွေးနွေးပွဲသို့ STI Myanmar Unviersity ၏ ကျောင်းသား ၊ကျောင်းသူများ ၊ လူငယ်များနှင့် စာပေဝါသနာရှင်များ တက် ရောက်ခဲ့ပြီး သိလိုသည်များကို ဆရာကြီး နှင့် အတူမေးမြန်းဆွေးနွေးခဲ့ ကြောင်း သိရှိရပါသည်။







## စီးပွားရေး ဘွဲ့ ကျောင်းသားများအတွက် အလုပ်သင်အခွင့်အရေးများ ပေးအပ်ခြင်း

University of Bedfordshire ( UK ) ၊ The Open University of HongKong ( HK ) တို့နှင့် ပူးပေါင်းဖွင့်လှစ်သော BBA in Management ၊ BA(Hons) Business Administration နှင့် BA ( Hons ) Accounting စသည့် မေဂျာအသီးသီးမှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူ စုစုပေါင်း ( ၃၅) ဦးသည် လုပ်ငန်းခွင်အတွင်း အတွေ့အကြုံများရရှိစေရန် အလုပ်သင် ဝန်ထမ်းအဖြစ် STI Myanmar University ( MICT Head Office ) AYA Bank ( ဆူးလေရုံး Head office) MOB Bank Limited Capital Star Co.,Ltd. Loi Hein Co.,Ltd. Yangon Stock Exchange Joint- Venture Co, Ltd. Blue Ocean Operating Management Company .





ထိုကုမ္ပဏီကြီးများတွင် Public Relationship Department ၊ HR Department ၊ Distribution Department ၊ Leadership and Development Department၊ Operation Department ၊ Finance Department ၊ Marketing Department ၊ Loan Department များတွင်လေ့လာသင်ယူ အလုပ်လုပ်ကြမည် ဖြစ်ကြောင်း သိရှိရပါသည်။

## ဇူလိုင်လတွင် ကျန်းမာရေးသိပ္ပံဆိုင်ရာမဟာဘွဲ့ဟောပြောပွဲကျင်းပခဲ့သည်။

STI Myanmar University သည် အင်္ဂလန်နိုင်ငံရှိ University of Bedfordshire (UK) မှ တိုက်ရိုက်ချီးမြှင့် သည့် ကျန်းမာရေးသိပ္ပံဆိုင်ရာ ဘွဲ့လွန်များဖြစ်သည့် MSc (Nutrition & Dietetics)၊ MSc (Public Health) နှင့် MBA (Hospital & Health Services Management) သင်တန်းများ အကြောင်း မိတ်ဆက်ခြင်းအခမ်းအနားနှင့်အတူ ထိုင်းနိုင်ငံ အာဟာရ ပညာရှင်များအသင်း ဥက္ကဋ္ဌ Professor Chanida

Pachotikarn မှ အာဟာရ ပညာအကြောင်း ဟောပြောခြင်းအခမ်းအနားကို ဇူလိုင် (၂၁) ရက် ၊၂၀၁၈ခုနှစ်တွင် ရန်ကုန်မြို့ MICT Campus ရှိ STI Myanmar University ၌ နေ့လည် ၁ နာရီခွဲမှ ၃ နာရီခွဲအထိကျင်းပခဲ့ပါသည်။




ထိုအခမ်းအနားတွင် STI Myanmar University ၏ Executive Director ဒေါက်တာချိုမာလွင်မှ STI Myanmar University ၏ ကမ္ဘာ့အဆင့်မီရယူနိုင်သည့် ကျန်းမာရေးသိပ္ပံဆိုင်ရာ ဘွဲ့များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ ပြီး ထိုင်းနိုင်ငံအာဟာရပညာရှင်များအသင်းဥက္ကဋ္ဌ ၊ မဟီဒေါတက္ကသိုလ်အာဟာရပညာဌာနမှ Professor Chanida Pachotikarn က " What is a Dietitian? " ခေါင်းစဉ်ဖြင့် အာဟာရပညာအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောဆွေးနွေးခဲ့ပါသည်။






ထို့နောက် STI Myanmar Univeristy ၏ ဘွဲ့ရကျောင်းသား ဒေါက်တာညီညီကျော် MSc ( Nutrition & Dietetics) နှင့် MSc (Public Health) သင်တန်းသူ ဒေါက်တာခင်ဝတ်ရည်လှ တို့မှ STI Myanmar University တွင် ပညာသင်ကြားခြင်း အတွေ့အကြုံများကိုပြန်လည်မျှဝေပေးခဲ့ရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။






**<u>မန္တလေးမြို့တွင်လည်းကျန်းမာရေးသိပ္ပံဆိုင်ရာ မဟာဘွဲ့ဟောပြောပွဲနှင့် စာပေဟောပြောပွဲများ ကျင်းပခဲ့သည်။</u>**

STI Myanmar University သည် ကျန်မာရေးသိပ္ပံဆိုင်ရာ မဟာဘွဲ့ ဟောပြောပွဲကို ရန်ကုန်မြို့နည်းတူ မန္တလေးမြို့တွင်လည်း ၂၀၁၈ခုနှစ် ဇူလိုင် (၂၂) ရက်နေ့တွင် Hilton Mandalay Hotel ၌ နေ့လည် ၁၂နာရီခွဲမှ ၂ နာရီအထိကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားတွင် STI Myanmar University ၏ Managing Director ဒေါ်ခင်အေးဝင်းမှ အဖွင့်အမှာစကား ပြောကြားခဲ့ ပြီး ထိုင်းနိုင်ငံအာဟာရပညာရှင်များအသင်းဉက္ကဌ ၊ မဟီဒေါတက္ကသိုလ်အာဟာ ရပညာဌာနမှ Professor Chanida Pachotikarn က " What is the different between Nutritionist and Dietitian " ၊ " What is a Dietitian? " စသည့် ခေါင်းစဉ်များဖြင့် အာဟာရပညာအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောဆွေးနွေးခဲ့ပါသည်။




ထို့နောက် STI Myanmar University ၏ Executive Director ဒေါက်တာချိုမာလွင်မှ မြန်မာနိုင်ငံတွင် ကျန်းမာရေးသိပ္ပံဆိုင်ရာ Health Science Master Program မဟာဘွဲ့များကို ကမ္ဘာ့အဆင့်မီ ရယူနိုင်အောင် STI Myanmar University က မည်ကဲ့သို့ ကူညီပံ့ပိုးပေး နေသည့် အကြောင်းများနှင့် ကျန်းမရေး သိပ္ပံဆိုင်ရာမဟာဘွဲ့များအကြောင်းကို မိတ်ဆက်ပြောကြားခဲ့ပါသည်။ STI Myanmar University ၏ MSc ( Nutrition & Dietetics) ဘွဲ့ရ ဒေါက်တာဟန်နီစုနိုင် ကလည်း ပညာသင်ကြားခြင်း အတွေ့အကြုံများ ကိုပြန်လည်မျှဝေပေးခဲ့ရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေ းခဲ့ကြပါသည်။ ဆက်လက်၍ ထိုနေ့ နေ့လည် (၂) နာရီမှ (၄) နာရီအထိ မန္တလေး မြို့ Hilton Mandalay Hotel တွင် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၏ "ခြေလှမ်းသစ်များဖြင့် တောက်ပသော အနာဂတ်ဆီသို့ " ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲတစ်ခု ပြုလုပ်ခဲ့ပါသည်။



## "Nutrition Management in Diabetes Mellitus training " in Yangon



အာဟာရပညာရှင် ဒေါက်တာ ဝင်းဝင်းမြင့် ( Lecturer - STI Myanmar University) ၊ ဆီးချိုနှင့် ဟော်မုန်းရောဂါ အထူးကုဆရာဝန်ကြီး နှင့် တွဲဖက်ပါမောက္ခ ဒေါက်တာ မောင်မောင်သန့် တို့က Nutrition Management in Diabetes Mellitus သင်တန်းကို Presentationပြုလုပ်ခြင်း ၊ ကျောင်းသားများနှင့်အတူ Discussion များပြုလုပ်ခြင်း ၊ Brainstorming & Group works သင်ကြားနည်းစနစ်များဖြင့် ဩဂုတ်လ ၅ ရက်နေ့ မနက် ၉နာရီမှ ညနေ ၄ နာရီအထိ အတွေ့အကြုံ STI Mandalay Campus တွင် အသိပညာများဖလှယ်၍ အခမဲ့ ဆွေးနွေး သင်ကြားခဲ့ရာ ကျန်းမာရေး နယ်ပယ်မှ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

# STI Myanmar University ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ








STI Myanmar University ၏ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်များ ၊ ဆရာ/ဆရာမများ ၊ ကျောင်းသား/ကျောင်း းသူများ ၊ ဝန်ထမ်းများစုပေါင်း၍ ၂၀၁၈ခုနှစ် ဩဂုတ်လ(၈) ရက်နေ့ မနက်(၈) ခန့်တွင် ဝါဆိုသင်္ကန်းကပ် စုပေါင်းအလှူကို ကျင်းပခဲ့ပါသည်။

# Nutrition Management in Diabetes Mellitus in Mandalay








STI Myanmar University သည် ကျန်းမာရေး ၊ ပညာရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲများ၊ Workshop များကို အခါအားလျော်စွာ ကျင်းပပေးလျှက်ရှိရာ အစာအာဟာရနှင့်ပတ်သက်သော တစ်ရက်တာ သင်တန်းကို ဩဂုတ်လ ၁၉ ရက်နေ့တွင် နံနက် ၉နာရီခွဲ မှ ညနေ ၄နာရီခွဲအထိ Hotel Sakura Princess၌ သင်ကြားပို့ချပေးခဲ့ပါသည်။ သင်တန်းတွင် " Nutrition Management in Diabetes Mellitus " ခေါင်းစဉ်ဖြင့် ဒေါက်တာ ဝင်းဝင်းမြင့် နှင့် ဒေါက်တာ စိုင်းနီစိုးဇင် တို့မှ Presentation, Discussion,

Brainstorming and Group Works စသည့် သင်ကြားရေးနည်းစနစ်များဖြင့် ပို့ချခဲ့ပါသည်။ ကျန်းမာရေးနယ်ပယ်မှ စိတ်ဝင်စားသူများတက်ရောက်ခဲ့ပြီး STIMU မှလည်း သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

**ပိုမို ကောင်းမွန်သော အနာဂတ်ကို STI Myanmar University မှာ စတင်ကြစို့။**





အနာဂတ်စိတ်ကူးအိပ်မက်တွေကို ပိုပြီးအသက်ဝင်လှပဖို့ STI Myanmar University က ကျောင်းသား ကျောင်းသူများအတွက် စာတွေ့လက်တွေ့ သင်တန်းများကိုပို့ချပေးလျှက်ရှိပါသည်။ Augest 23 ရက်နေ့တွင် STI Myanmar Mandalay Campus ၌ Engineering ဘာသာရပ်ကိုသင်ကြားနေကြသော ပထမနှစ် ကျောင်းသားများအား Israeli Architect, Lecturer Mr. Guy Nir (Faculty of Engineering STI Myanmar University) မှ ဗိသုကာပညာရပ်နှင့်ပတ်သက်သည့် ဒီဇိုင်းထုတ်လုပ်ပုံ၊ ရေးဆွဲပုံ သဘောတရားများကို စာတွေ့တင်မက ၊ လက်တွေ့ပါ သင်ကြားခဲ့ပါသည်။

ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ **Research – Method Seminar ကျင်းပခြင်း**

ဘွဲ့လွန် ဘွဲ့ကြို ကျောင်းသားများ နှင့် လုပ်ငန်းခွင်ဝင်ရောက်နေသူများ အတွက် အကျိုးရှိစေရန် ရည်ရွယ်၍ STI Myanmar University သည် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၏ "Research Method Seminar" ကို ဩဂုတ်လ(၂၅)ရက်နေ့ နေ့လည် (၂) နာရီမှ (၄) နာရီခန့်အထိ MICT park ရှိ STI campus တွင် ကျင်းပခဲ့ ကြောင်း သိရှိရပါသည်။




**" <u>ပြည်တွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ်   ယုံကြည်မှု တည်ဆောက်ခြင်း”</u>**

**<u>စကားဝိုင်း  ဆွေးနွေးကျင်းပခြင်း</u>**

ယခုအချိန်တွင် မြန်မာနိုင်ငံသား အများစုသည် ကျန်းမာရေးပြဿနာ တစုံတရာ ကြုံတွေ့ရလျှင် ပြည်ပနိုင်ငံများသို့သွားရောက်၍ ဆေးကုသခြင်း ၊ ရောဂါ ရှာဖွေစစ်ဆေးခြင်းများ ပြုလုပ်လာရခြင်းမှာ ပြည်တွင်းကျန်းမာ ရေး စောင့်ရှောက်မှု လုပ်ငန်းများအပေါ် ပြည်သူက ယုံကြည်မှု အားနည်းခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် STI Myanmar University သည် ယင်းအခက်အခဲကို အဖြေရှာနိုင်ရန် “ ပြည်တွင်း ကျန်းမာရေး စောင့် ရှောက်မှုလုပ်ငန်းများအပေါ် ယုံကြည်မှုတည်ဆောက်ခြင်း” ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးပွဲကို ၂၀၁၈ခုနှစ် ဩဂုတ်(၂၆) ရက်နေ့ ၊ ဆရာစံပလာဇာတွင် နေ့လည်း ၂ နာရီမှ ၄နာရီ အထိကျင်းပခဲ့ပါသည်။




ထိုဆွေးနွေးပွဲတွင် STI Myanmar University ၏ Managing Director ဒေါ်ခင်အေးဝင်း အမှာစကားပြောကြားခဲ့ပြီး ပါမောက္ခဒေါက်တာ အောင်ထွန်းသက်မှ ဆေးပညာလောကတွင် “trust” ၏ အရေးပါပုံအကြောင်းကို ၊ ရှင်းလင်းပြောကြားခဲ့သည်။




ထိုနောက် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ ဦးဆောင်မှုနှင့်အတူ အရေးပေါ်ကုသမှု ဆေးပညာဌာနပါမောက္ခဒေါက်တာမော်မော်ဦး၊ Vitoria Hospital ၏CEO ဒေါက်တာ ဒေါ်အေးအေးစန်း၊ Mandalar Hospital ၏ CEO ဦးစိုးမြင့် ပါဝင်သည့် စကားဝိုင်းကို ပြုလုပ်ခဲ့သည်။ ထိုစကားဝိုင်း တွင် ဆရာကြီး ၊ဆရာမကြီးများက မိမိတို့၏အမြင်များ ၊ အားနည်းချက်များနှင့် အကြံဉာဏ်များကို မတူညီသည့် ရှုထောင့်များဖြင့် အသီးသီးဆွေးနွေးအဖြေရှာကြရာ တက်ရောက်သူများကလည်း ပါဝင် ဆွေးနွေးကြသလို ၊ သိလိုသည်များကိုလည်း မေးမြန်းခဲ့ ကြပါသည်။







ထိုဆွေးနွေးပွဲ သို့ ဆေးပညာရှင်ကြီးများ ဖြစ်ကြသော ပါမောက္ခဒေါက်တာ မောင်မောင်ဝင့် ၊ ပါမောက္ခဒေါက်တာ မြင့်မောင်မောင် ၊ ပါမောက္ခဒေါက်တာဒေးဗစ်ကျော်တို့နှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များ ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံအုပ်များ အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ STI Myanmar University ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ၊ စိတ်ပါဝင်စားသော ပြည်သူလူထု နှင့် မီဒီယာများ တက်ရောက်ခဲ့ ကြကြောင်း သိရှိရပါသည်။

## ထိုင်းနိုင်ငံအခြေစိုက် Mahidol တက္ကသိုလ်နှင့် STI Myanmar University တို့

<u>နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း</u>









STI Myanmar University သည် လွန်ခဲ့သော သုံးလေးနှစ်ခန့်ကပင် Mahidol နှင့် ဆက်သွယ်ဆောင်ရွက်သော လုပ်ငန်းများရှိခဲ့ပါသည်။ ယခုအခါ faculty of Healthနှင့် STI MU ရှိ ဆရာ/ဆရာမ ၊ ကျောင်းသား/ကျောင်းသူများ၏ သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ရေရှည်ဖလှယ် ဆောင်ရွက်နိုင်ရေးအတွက် ၂၉.၈.၁၈ ( ဗုဒ္ဓဟူးနေ့ ) နံနက် (၁၀) နာရီ STI MU အခန်း (၁၀၈) တွင် Mahidol University မှတာဝန်ရှိသူများနှင့် STI Myanmar University ၏ Managing Director အမှူးပြုသော အဖွဲ့တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ ကြောင်း သိရှိရပါသည်။

<u>ရန်ကုန်- မန္တလေး - စစ်ကိုင်း- ပြင်ဦးလွင် -လေ့လာရေးခရီးစဉ်</u>

STI Myanmar University Engineering 7BE နှင့် 8BE ကျောင်းသားကျောင်းသူများသည် " ရန်ကုန်- မန္တလေး- စစ်ကိုင်း- ပြင်ဦးလွင်လေ့လာရေးခရီးစဉ်ကို ဆရာ၊ဆရာမများဦးဆောင်၍ ၂၇.၈.၂၀၁၈ နေ့တွင် စတင်ခဲ့ပါသည်။ ၂၈.၈.၂၀၁၈ခုနှစ်တွင် ပြင်ဦးလွင်မြို့သို့ရောက်ရှိပြီး မြနန်းတော်ဟိုတယ်တွင် တည်းခိုကာ ပြင်ဦးလွင်မြို့ရှိ The view Resort၊ YGW ၊ December Garden နှင့် ကန်တော်ကြီး ဥယျာဉ်သို့ သွားရောက်လည်ပတ်ခဲ့ပါသည်။ ထို့နောက် ၂၉.၈.၂၀၁၈ ခုနှစ်မနက်တွင် မန္တလေးမြို့သို့ ထွက်ခွာခဲ့ပြီး Amara Nandi Hotel တွင်တည်းခိုကာ မင်းကွန်းမြို့ မင်းကွန်းကျောင်း၊ မင်းကွန်းခေါင်းလောင်း၊ ရန်ကင်းတောင်တို့နှင့် မန္တလေးမြို့၏ အထင်ကရ ဦးပိန်တံတားသို့ သွားရောက်လည်ပတ်ကာ ညနေsunset အလှကိုကြည့်ရှုခံစားခဲ့ကြသည်။ ၃၀.၈.၂၀၁၈ နေ့တွင် မန္တလေးမြို့၏ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးနှင့် ကျောက်စိမ်းဘုရားတို့ကို ဖူးမျှော်ခဲ့ပြီးရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာလာခဲ့ကြပါသည်။





<u>ရန်ကုန်-ပုဂံလေ့လာရေးခရီးစဉ်</u>

STI Myanmar University  Engineering 5BE နှင့် 6BE ကျောင်းသားကျောင်းသူများကလည်း ရန်ကုန်-ပုဂံ လေ့လာရေးခရီးစဉ်ကို ဆရာ၊ ဆရာမများဦးဆောင်၍ ၃၁-၈-၂၀၁၈ နေ့တွင်စတင်ခဲ့ပါသည်။ ၁.၉.၂၀၁၈ နေ့တွင် ပုဂံသို့ရောက်ရှိခဲ့ပြီး La Ka Sa Di ဟိုတယ်တွင်တည်းခိုကာ ပုဂံ နှင့်ညောင်ဦးရှိ ရွှေစည်းခုံ၊ အာနန္ဒာနှင့် အလိုတော်ပြည့် အစရှိသောနာမည်ကြီး ဘုရားများနှင့် စေတီပုထိုးများကို သွားရောက်ဖူးမျှော်ခဲ့ပါသည်။ ၂.၉.၂၀၁၈ နေ့တွင် အာနန္ဒာ၊ ဓမ္မာရံကြီးနှင့် သဗ္ဗညု ဘုရားများသို့ အုပ်စု (၃)စုခွဲ၍ မတူညီသော နေရာများနှင့် စေတီပုထိုးများကို သွားရောက်လေ့လာခဲ့ပါသည်။ ထို့နောက် ၃၀ ရက်နေ့ တွင်လည်း စလေမြို့ ရုပ်စုံကျောင်းသို့ သွားရောက်၍ ဗိသုကာလက်ရာများကိုလည်း ဆက် သွားရောက်လေ့လာခဲ့ပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ပါသည်။




# Rainy Season Sports Week ကျင်းပခြင်း

STI Myanmar University သည် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးတွင်သာမက အားကစား၊ စာပေ များတွင်လည်းဘက်စုံထူးချွန်ထက်မြက်သူများ ဖြစ်လာစေရန် ရည်ရွယ်၍ စာပေဟောပြောပွဲများ ကျောင်းတွင်း အားကစားပြိုင်ပွဲများကိုလည်း အခါအခွင့်သင့်သလို ကျင်းပလျှက်ရှိပါသည်။










28.8.2018 နှင့် 29.8.2018 နေ့များတွင် Rainy Season Sports Week အနေဖြင့် STI Myanmar University (Insein Campus) တွင် ဘတ်မင်တန် (Batminton)၊ စားပွဲတင် တင်းနစ် (Table tennis) ၊ ဘတ်စကပ်ဘော( basketball ) နှင့်ချက်စ် ( Chess) အားကစားပြိုင်ပွဲများကို ပြုလုပ်ခဲ့ပြီး ဆုရသူများကို ဆုများအသီးသီးချီးမြှင့်ခဲ့ ကြောင်း သိရှိရပါသည်။